FMI

# စာရင်းစစ်အဖွဲ့ ပြောင်းလဲတာဝန်ပေးရန် အဆိုပြုထားခြင်းအား အသိပေးကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ” နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ စုပေါင်း၍ “ကုမ္ပဏီအုပ်စု”) ဒါရိုက်တာအဖွဲ့သည် အလှည့်ကျအနားယူသွားသော V Advisory Limited (“ V Advisory”) နေရာတွင် Myanmar Vigour Company Limited (“Deloitte Myanmar) အား စာရင်းစစ်အဖြစ် ခန့်အပ်နိုင်ရန်အတွက် မကြာမီကျင်းပမည့် ၂၀၁၇ ခုနှစ်၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အစုရှယ်ယာရှင်များ၏ သဘောတူညီဆုံးဖြတ်ချက်ရယူနိုင်ရန် အဆိုပြုထားပါကြောင်း ကြေညာအပ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုစနစ်အရ ဦးဆောင်စာရင်းစစ် သို့မဟုတ် စာရင်းစစ်အဖွဲ့ (auditors and/or audit engagement partners) အား အလှည့်ကျတာဝန်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။ V Advisory သည် ၂၀၁၅ ခုနှစ်၊ မတ်လ(၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်မှစ၍ ကုမ္ပဏီ၏စာရင်းစစ်အဖြစ်တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့အနေနှင့် အလှည့်ကျအနားယူရန် ဆုံးဖြတ်ထားသည့်အတွက် လာမည့် ၂၀၁၇ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် နောက်သက်တမ်းအတွက် တာဝန်ထမ်းဆောင်မှု မပြုလုပ်တော့ပါ။

အနားယူသူများက လွန်ခဲ့သည့် ဘဏ္ဍာရေးနှစ်(၃)နှစ်အတွင်း ဆောင်ရွက်ခဲ့သော စာရင်းစစ်ဝန်ဆောင်မှုများအတွက် V Advisory အား ကျေးဇူးတင်ကြောင်း ဒါရိုက်တာအဖွဲ့မှ မှတ်တမ်းတင်ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

FMI စာရင်းစစ်ကော်မတီမှ စာရင်းစစ်ကုမ္ပဏီများအားဖိတ်ခေါ်၍ ၎င်းကုမ္ပဏီများမှတင်ပြသည့် အဆိုပြုလွှာများကို စိစစ်ဆေးအကဲဖြတ်ပြီးနောက် Deloitte Myanmar အား အဆိုပြုခန့်အပ်ရန်အတွက် ရွေးချယ်ခဲ့ပါသည်။

Deloitte Myanmar အား အဆိုပြုခန့်အပ်မှုနှင့်ပတ်သက်၍ စဉ်းစားဆုံးဖြတ်ရာတွင် ဒါရိုက်တာအဖွဲ့နှင့် စာရင်းစစ်ကော်မတီတို့သည် Deloitte Myanmar အနေဖြင့် အရင်းအမြစ်ပြည့်စုံခြင်း၊ ကုမ္ပဏီစာရင်းစစ်အတွေ့အကြုံနှင့် ဦးဆောင်စာရင်းစစ်များ၏ လုပ်ငန်းအတွေ့အကြုံပြည့်ဝခြင်း၊ အခြားစာရင်းစစ်တာဝန်များနှင့် မျှတမှုရှိခြင်းတို့အား အခြေခံ၍လုပ်ငန်းပမာဏနှင့် လိုအပ်ချက်များနှင့်ချိန်ထိုး၍ ထည့်သွင်းစဉ်းစားဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ အထက်တင်ပြပါ စာရင်းစစ်အဖွဲ့ပြောင်းလဲတာဝန်ပေးခြင်းသည် ကုမ္ပဏီ၏အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်သည်ဟု ဒါရိုက်တာအဖွဲ့ကယူဆပြီး လာမည့် ၂၀၁၇ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် သာမန်ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ရန်တင်ပြထားသောအဆိုကို ဆန္ဒပြုထောက်ခံပေးနိုင်ရန်အတွက် အသိပေး ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၅)ရက်


**FIRST MYANMAR INVESTMENT CO., LTD.**

YSX Code 00001

FMI Centre, 10th Floor

380 Bogyoke Aung San Road

Yangon, Myanmar

Tel: (01) 240363

www.fmi.com.mm